SAYA.SCHOOL | မိသားစုအတူတကွ ပညာသင်ယူမှု အစီအစဉ်




# ကလေးများ ပညာသင်ယူရာတွင် ကူညီပေးရန် မိဘများအတွက် လမ်းညွှန်

မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဆရာများအတွက် ရိုးရှင်းသော အတွေးအခေါ်များ

နေ့စဉ်လူနေမှုဘဝနှင့် အခမဲ့ သင်ထောက်ကူပစ္စည်းများကို အသုံးပြုထားသည့် လက်တွေ့လုပ်ဆောင်ဖွယ်ရာများ

**သင်သည် သင်တန်းဆင်း ဆရာတစ်ဦး ဖြစ်နေရန် မလိုပါ။**
လူကြီးတစ်ဦးက အချိန်ပေးပြီး အားပေးကူညီကာ စူးစမ်းလေ့လာခွင့် ပေးလိုက်သည့်အခါ ကလေးများသည် အလွန်များပြားသော ဗဟုသုတများကို သင်ယူနိုင်ကြပါသည်။ ဤလမ်းညွှန်တွင် အိမ်တွင်ဖြစ်စေ၊ ရပ်ရွာ သင်ယူမှုနေရာများတွင်ဖြစ်စေ စမ်းသပ်လုပ်ဆောင်ကြည့်နိုင်သည့် ရိုးရှင်းသော နည်းလမ်းများကို ပံ့ပိုးပေးထားပါသည်။

မြန်မာဘာသာဖြင့် ထုတ်ဝေမှု • မြန်မာနိုင်ငံတွင် အသုံးပြုရန် ပြုစုထားပါသည်

## 1. သင်၏ ပါဝင်ကူညီမှုသည် အရေးကြီးပါသည်

ကလေးတစ်ဦးသည် ပညာဆက်လက်သင်ယူနိုင်ရန်အတွက် ပြီးပြည့်စုံသော စာသင်ခန်း သို့မဟုတ် ဈေးကြီးသော စာအုပ်များ မလိုအပ်ပါ။ ဂရုစိုက်တတ်သော လူကြီးတစ်ဦးက ဘေးတွင် နားထောင်ပေးခြင်း၊ မေးခွန်းများမေးခြင်း၊ အတူတကွ လေ့ကျင့်ပေးခြင်းနှင့် ကလေးရှာဖွေတွေ့ရှိသည့် အရာများပေါ်တွင် စိတ်ပါဝင်စားမှု ပြသပေးခြင်းဖြင့် ကူညီပေးနိုင်ပါသည်။




## သင်ကျောင်းတက်ခဲ့စဉ်က အခက်အခဲများ ရှိခဲ့လျှင်ပင် သင်ကူညီပေးနိုင်ပါသည်

- အဖြေတိုင်းကို သိနေရန် မလိုပါ။ "အဖေ/အမေ/ဆရာတို့လည်း သေချာ မသိဘူး။ အတူတူ လေ့လာကြရအောင်" ဟု ပြောလိုက်နိုင်ပါသည်။
- ကလေးကို ရုပ်ပုံများကြည့်ရန်၊ စကားလုံးများ လေ့ကျင့်ရန် သို့မဟုတ် မြင်တွေ့ရသည့် အရာများကို ပြောပြရန် ကူညီပေးရာတွင် အင်္ဂလိပ်စာ တတ်မြောက်ကျွမ်းကျင်နေရန် မလိုပါ။
- မိမိနှင့် ရင်းနှီးပြီးသား ပစ္စည်းများကို အသုံးပြုနိုင်ပါသည်။ ဥပမာ - ပဲစေ့များ၊ ခွက်များ၊ သစ်ရွက်များ၊ ကျောက်ခဲများ၊ သစ်သီးများ၊ အဝတ်အစားများ၊ လမ်းညွှန်ဆိုင်းဘုတ်များ သို့မဟုတ် ခြံထဲမှ ပစ္စည်းများ။
- စိတ်ဖိစီးမှုများသည့် အချိန်ကြာမြင့်စွာ သင်ယူမှုထက် စိတ်အေးချမ်းသာစွာဖြင့် မိနစ်အနည်းငယ် သင်ယူမှုက ပိုမို ထိရောက်မှုရှိပါသည်။

လူကြီးတစ်ဦး၏ တာဝန်မှာ အရာအားလုံးကို သိရှိနေရန် မဟုတ်ပါ။
သင့်တာဝန်မှာ ကလေးက သတိပြုမိစေရန်၊ တွေးခေါ်စေရန်၊ လေ့ကျင့်စေရန်နှင့် မေးခွန်းများ မေးမြန်းရာတွင် လုံခြုံစိတ်ချမှုရှိသည်ဟု ခံစားရစေရန် ကူညီပေးဖို့ ဖြစ်ပါသည်။

## 2. အထောက်အကူပြုသော အလေ့အထ (5) ခု

1. **စိတ်ပါဝင်စားမှု ပြပါ။** ကလေး ဘာကို ကြည့်နေသလဲ သို့မဟုတ် ဘာလုပ်ဖို့ ကြိုးစားနေသလဲဆိုသည်ကို မေးမြန်းပါ။
2. **စဉ်းစားချိန် ပေးပါ။** မကူညီပေးမီ စက္ကန့်အနည်းငယ် စောင့်ဆိုင်းပေးပါ။ ကလေးအနေဖြင့် စကားလုံးများ ဖော်ထုတ်ရန် အချိန်လိုအပ်နိုင်ပါသည်။
3. **အဖြေအတိအကျမရှိသည့် မေးခွန်းများ မေးပါ။** "ဒါကို သား/သမီး ဘယ်လိုသိတာလဲ" သို့မဟုတ် "နောက်ထပ် ဘာဖြစ်လာနိုင်မလဲ" စသည့် မေးခွန်းများကို မေးကြည့်ပါ။
4. **ကြိုးစားအားထုတ်မှုကို ချီးကျူးပါ။** ကလေး ကောင်းကောင်းမွန်မွန် လုပ်ဆောင်ခဲ့သည့် အရာကို အသိအမှတ်ပြုပြောဆိုပါ- "နောက်နည်းလမ်းတစ်ခုနဲ့ ကြိုးစားကြည့်တာ တော်တယ်" သို့မဟုတ် "သေးငယ်တဲ့ အရာလေးကိုပါ သတိထားမိတာပဲ" စသဖြင့် ပြောပေးပါ။
5. **ထိန်းညှိပြီး လုပ်ဆောင်ပါ။** ကလေး အလွန်အမင်း မပင်ပန်းမီ သို့မဟုတ် စိတ်ပျက်အားလျော့ မဖြစ်လာမီ ရပ်နားပါ။ နောက်နေ့မှ ပြန်လည်ကြိုးစားပါ။

## 3. ရိုးရှားစွာ သင်ကြားနည်း

saya.school မှ ရုပ်ပုံ၊ ဗီဒီယို၊ သင်ခန်းစာတို၊ ပုံပြင်၊ ဉာဏ်စမ်းမေးခွန်း သို့မဟုတ် လက်တွေ့ပစ္စည်းတစ်ခုခုကို အသုံးပြု၍ ဤ အဆင့် (4) ဆင့်ပါ နည်းလမ်းအတိုင်း လုပ်ဆောင်ကြည့်ပါ-

### 1. ကြည့်ပါ

ဓာတ်ပုံ၊ ပစ္စည်း သို့မဟုတ် သင်ခန်းစာကို အတူတကွ စူးစမ်းလေ့လာပါ။ ကလေး ဘာကို သတိထားမိသလဲဟု မေးပါ။

### 2. မေးပါ

ရိုးရှင်းသော မေးခွန်းတစ်ခု မေးပါ။ ကလေးကို စဉ်းစားခွင့်ပေးပြီး မိမိကိုယ်ပိုင် စကားလုံးများဖြင့် ပြန်လည်ဖြေဆိုပါစေ။

### 3. စမ်းသပ်ပါ

လှုပ်ရှားမှု အသေးစားလေးတစ်ခု လုပ်ဆောင်ပါ၊ မေးခွန်းတစ်ခုကို ဖြေဆိုပါ၊ ပုံဆွဲပါ သို့မဟုတ် ကျွမ်းကျင်မှုတစ်ခုခုကို လေ့ကျင့်ပါ။

### 4. ရှင်းပြပါ

ကလေးကို ဘာသင်ယူခဲ့ရကြောင်း ပြန်လည်ပြောပြခိုင်းပါ။ လိုအပ်ပါက အသာအယာ ကူညီပေးပါ။




ဥပမာ- အပင်များအကြောင်း သင်ယူခြင်း
သစ်ရွက်တစ်ရွက်ကို ကြည့်ပါ။ “ဘာကို သတိထားမိလဲ” ဟု မေးပါ။ ကလေးကို သစ်ရွက်၏ အရောင်၊ ပုံသဏ္ဍာန်နှင့် ရွက်ကြောများကို ဖော်ပြခွင့်ပေးပါ။ ထိုအပင်သည် မည်သည့်နေရာတွင် အကောင်းဆုံး ကြီးထွားနိုင်မည်ကို မေးပါ။ ထို့နောက် သစ်ရွက်ပုံကို ဆွဲခိုင်းပါ သို့မဟုတ် ကလေး ရှာဖွေတွေ့ရှိခဲ့သည့် အကြောင်းအရာတစ်ခုကို ရှင်းပြခိုင်းပါ။

## ဘာသာရပ်တိုင်းနီးပါးအတွက် အသုံးဝင်သော မေးခွန်းများ

- ဘာကို သတိထားမိလဲ။
- ဒီအကြောင်းနဲ့ ပတ်သက်ပြီး အရင်က ဘာသိထားပြီးပြီလဲ။
- ဘာဖြစ်လာမယ်လို့ ထင်သလဲ။
- ဒါကို ဘယ်လို သိအောင်လုပ်နိုင်မလဲ။
- ကိုယ့်စကားနဲ့ ပြန်ရှင်းပြနိုင်မလား။
- အခြား ဥပမာတစ်ခု စဉ်းစားကြည့်နိုင်မလား။

## 4. တိုတောင်းသော နေ့စဉ် သင်ယူမှု အလေ့အထ

တင်းကျပ်သော အချိန်ဇယားအတိုင်း လိုက်နာရန် မလိုအပ်ပါ။ ဤဥပမာကို လမ်းညွှန်ချက်တစ်ခုအနေဖြင့် အသုံးပြုပြီး ကလေး၏ အခြေအနေ၊ သင်၏ အလုပ်နှင့် မိသားစု တာဝန်များအပေါ် မူတည်၍ လိုက်လျောညီထွေ ပြုပြင်ပြီး အသုံးပြုပါ။




- **မှတ်ဉာဏ်ပြန်နွှေးခြင်း — 3 မိနစ်။** မနေ့က သင်ယူခဲ့သည်များကို ပြန်ပြောပြရန် သို့မဟုတ် မိမိတို့ သိရှိထားပြီးသား အရာများကို ပြောပြရန် ကလေးအား မေးမြန်းပါ။
- **စူးစမ်းလေ့လာခြင်း — 7 မိနစ်။** saya.school မှ သင်ခန်းစာ၊ ရုပ်ပုံ၊ ဗီဒီယိုတို သို့မဟုတ် ပုံပြင်တစ်ပုဒ်ကို အတူတကွ ကြည့်ရှုပါ။
- **လေ့ကျင့်ခြင်း — 5 မိနစ်။** မေးခွန်းတစ်ခု ဖြေကြည့်ခြင်း၊ ပုံဆွဲခြင်း၊ ပစ္စည်းများ ရေတွက်ခြင်း သို့မဟုတ် အတွေးအခေါ်တစ်ခုကို ရှင်းပြခြင်းတို့ကို လုပ်ဆောင်ပါ။
- **ရှင်းပြခြင်း — 3 မိနစ်။** သင်ယူခဲ့ရသည့် အရာများထဲမှ တစ်ခု သို့မဟုတ် နှစ်ခုကို ပြန်လည်ပြောပြခိုင်းပါ။
- **ချီးကျူးခြင်း — 2 မိနစ်။** ကလေး၏ ကြိုးစားအားထုတ်မှုကို ချီးကျူးပြီး နောက်တစ်ကြိမ်တွင် ပြန်လည်လေ့လာမည့် အကြောင်းအရာတစ်ခုကို ရွေးချယ်ပါ။

အချိန်တိုတိုဖြင့် လုပ်ဆောင်ခြင်းကလည်း တန်ဖိုးရှိပါသည်။
သင့်တွင် 5 မိနစ်မှ 10 မိနစ်သာ အချိန်ရှိလျှင်ပင် ထိုအချိန်ကို အကျိုးရှိရှိ အသုံးပြုပါ။ စိတ်အေးချမ်းမှုရှိသည့် ပုံမှန်လေ့ကျင့်မှုသည် ကလေးများအား မှတ်မိစေရန်နှင့် ယုံကြည်မှု တည်ဆောက်နိုင်ရန် ကူညီပေးနိုင်ပါသည်။

### မိမိတို့နှင့် အဆင်ပြေမည့် အချိန်ကို ရွေးချယ်ပါ

မိသားစုအချို့အတွက် ထမင်းစားပြီးချိန်၊ ညနေခင်း အိမ်မှုကိစ္စများ မလုပ်မီ သို့မဟုတ် အခြား အေးချမ်းသည့် အချိန်များတွင် အကောင်းဆုံး ဖြစ်နိုင်ပါသည်။ အပြစ်ပေးသည့်အနေဖြင့် ပညာသင်ယူခိုင်းခြင်းမျိုး မဖြစ်ပါစေနှင့်။ ကလေး ပင်ပန်းနေလျှင်၊ ဆာလောင်နေလျှင် သို့မဟုတ် စိတ်မသာမယာ ဖြစ်နေလျှင် ခေတ္တအနားယူပါ။

## 5. နေ့စဉ်လူနေမှုဘဝမှတစ်ဆင့် သင်ယူပါ

နေ့စဉ် လုပ်ဆောင်ချက်များသည် သင်ယူမှု အခွင့်အလမ်းများ ဖြစ်လာနိုင်ပါသည်။ ဘေးကင်းပြီး လက်လှမ်းမီရာ ပစ္စည်းများကို အသုံးပြုပါ။ အောက်ပါ ဥပမာများကို အသက်အရွယ်မတူညီသော ကလေးများအတွက် လိုက်လျောညီထွေ ပြုပြင်၍ အသုံးပြုနိုင်ပါသည်။

### သင်္ချာ — ရေတွက်ပြီး ခွဲဝေပါ

ပဲစေ့များ၊ သစ်သီးများ သို့မဟုတ် ပလတ်စတစ် ပုလင်းဖုံးများကို အသုံးပြုပါ။ ကလေးအား ပစ္စည်း 10 ခု ရေတွက်ခိုင်းပါ၊ ညီတူညီမျှ 2 စု ခွဲခိုင်းပါ သို့မဟုတ် လူတစ်ဦးစီ မည်မျှရရှိမည်ကို တွက်ချက်ခိုင်းပါ။

### သိပ္ပံ — သဘာဝတရားကို စူးစမ်းလေ့လာပါ

သစ်ရွက်၊ တိမ်တိုက်၊ ပိုးကောင် သို့မဟုတ် အရိပ်တစ်ခုကို ကြည့်ပါ။ ကလေးအား ထိုအရာကို ဖော်ပြခိုင်းပါ၊ အခြားအရာတစ်ခုနှင့် နှိုင်းယှဉ်ခိုင်းပါ သို့မဟုတ် မည်သို့ဖြစ်လာမည်ကို ခန့်မှန်းခိုင်းပါ။

### အင်္ဂလိပ်စာ — အမည်တပ်ပြီး ဖော်ပြပါ

ရင်းနှီးပြီးသား ပစ္စည်း (5) ခုကို ရွေးချယ်ပါ။ ယင်းတို့၏ အင်္ဂလိပ် အမည်များကို လေ့ကျင့်ပြီး "The cup is blue. (ဤခွက်သည် အပြာရောင်ဖြစ်သည်)" ကဲ့သို့သော ဝါကျတိုလေးများ ဖန်တီးပါ။ ရုပ်ပုံများသည်လည်း အထောက်အကူ ဖြစ်စေနိုင်ပါသည်။

### မြန်မာစာ — ဖတ်ပြပြီး ပြောပြခိုင်းပါ

စာပိုဒ်တိုတစ်ခုကို အတူတကွ ဖတ်ပါ သို့မဟုတ် ဓာတ်ပုံတစ်ပုံကို ကြည့်ပါ။ ကလေးအား ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်ပြောပြခိုင်းပါ၊ စာလုံးတစ်လုံးကို ရှာခိုင်းပါ သို့မဟုတ် သူတို့သိသော စကားလုံးတစ်လုံးကို ရေးခိုင်းပါ။

### ဘဝတွက်တာ — လုပ်ဆောင်ချက်တစ်ခုကို စီစဉ်ခိုင်းပါ

ရိုးရှင်းသော လုပ်ဆောင်ချက်တစ်ခုကို စီစဉ်ရာတွင် ကလေးအား ကူညီခိုင်းပါ၊ အဆင့်များကို အစဉ်လိုက်အတိုင်း ဆောင်ရွက်ခိုင်းပါ၊ ပစ္စည်းများကို မျှဝေသုံးစွဲခိုင်းပါ သို့မဟုတ် ပြဿနာသေးသေးလေးတစ်ခုကို မည်သို့ဖြေရှင်းခဲ့သည်ကို ရှင်းပြခိုင်းပါ။

ဘေးအန္တရာယ် ကင်းရှင်းရေးသည် ပထမ
အသက်အရွယ်နှင့် သင့်တော်သော လုပ်ဆောင်ချက်များကို ရွေးချယ်ပါ။ ရေ၊ ကားလမ်း၊ မီးဖို၊ ကိရိယာတန်ဆာပလာများ၊ ပစ္စည်းအသေးလေးများနှင့် အမျိုးအစားမသိသော အပင် သို့မဟုတ် ပိုးကောင်များ အနီးတွင် ကလေးများကို ကြီးကြပ်ပေးပါ။ အမျိုးအစားမသိသော အပင် သို့မဟုတ် အရာဝတ္ထုများကို မည်သည့်အခါမျှ မြည်းစမ်းခြင်း မပြုပါစေနှင့်။

## 6. ကလေး အဖြေမှားသွားသည့်အခါ

အမှားများပြုလုပ်ခြင်းသည် သင်ယူမှု၏ ပုံမှန်အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ အမှားလုပ်မိပါကလည်း ရပါသည်ဟု ခံစားရသော ကလေးသည် ဆက်လက်ကြိုးစားအားထုတ်ရန် အခွင့်အလမ်း ပိုများပါသည်။

| ဤသို့ပြောမည့်အစား… | ဤသို့ ပြောင်းလဲပြောကြည့်ပါ… |
|---|---|
| **“မဟုတ်ဘူး! အဲဒါ မှားတယ်။”** | “အတူတူ နောက်တစ်ခေါက် ပြန်ကြည့်ကြရအောင်။” |
| **“ဒါကို သိထားရမှာလေ။”** | “ဒါလေးက နည်းနည်း ခက်တယ်။ တစ်ဆင့်ချင်းစီ အတူတူ ကြိုးစားကြည့်ရအောင်။” |
| **“မင်း/နင့် အစ်မဆို ဒါမျိုး လုပ်တတ်တယ်။”** | “ဒီနေ့ သား/သမီး ဘာတွေ လုပ်နိုင်မလဲဆိုတာ ကြည့်ကြရအောင်။” |
| **“ကိုယ်စား လုပ်ပေးမယ်။”** | “သား/သမီး ပထမဆုံး ဘာကို စလုပ်နိုင်မလဲ။” |
| **“တော်တယ်။”** *(မှန်သည့်အခါမှသာ)* | “ဖွဲမလျှော့ဘဲ ဆက်ကြိုးစားလို့ နည်းလမ်းတွေ့သွားတာပဲ။” |




### ကလေး အခက်အခဲတွေ့နေပါက

- လုပ်ဆောင်ချက်ကို ပိုမိုလွယ်ကူအောင် လုပ်ပါ သို့မဟုတ် ပိုမိုရိုးရှင်းသော ဥပမာကို အသုံးပြုပါ။
- ဥပမာတစ်ခု ပြသပေးပြီးနောက် ထိုအရာနှင့် ဆင်တူသော အခြားတစ်ခုကို ကလေးအား စမ်းလုပ်ခိုင်းပါ။
- ရွေးချယ်ခွင့်ပေးပါ- “ပုံဆွဲပြချင်သလား ဒါမှမဟုတ် စကားနဲ့ ရှင်းပြချင်သလား။”
- သင် သို့မဟုတ် ကလေး စိတ်ကျဉ်းကျပ်လာပါက ခေတ္တခဏ အနားယူပါ။
- နောက်မှ ပြန်ကြိုးစားပါ။ အချိန်ပိုမို လိုအပ်ခြင်းသည် ကျရှုံးခြင်း မဟုတ်ပါ။

## 7. သင်ယူမှု ထိရောက်မှု ရှိ/မရှိ မည်သို့ သိနိုင်မည်နည်း။

ကလေးတစ်ဦးသည် အပြည့်အဝ နားမလည်ဘဲ အဖြေတစ်ခုကို ခေတ္တခဏမျှ အလွတ်ရနေခြင်းလည်း ဖြစ်နိုင်ပါသည်။ အောက်ပါ ရိုးရှင်းသော နည်းလမ်းများမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ စမ်းသုံးကြည့်ပါ -

- ကလေးအား အဆိုပါ အကြောင်းအရာကို မိမိကိုယ်ပိုင် စကားလုံးများဖြင့် ရှင်းပြခိုင်းပါ။
- တစ်ခုခုကို မည်သို့လုပ်ဆောင်ရပုံကို သင့်အား ပြသခိုင်းပါ။
- ဆင်တူသည့် ဥပမာတစ်ခုကို ပေးကြည့်ပြီး ကလေး စမ်းလုပ်နိုင်ခြင်း ရှိ/မရှိ ကြည့်ပါ။
- အဆိုပါ အကြောင်းအရာကို သူ၏ မောင်နှမ၊ သူငယ်ချင်း သို့မဟုတ် သင့်အား ပြန်လည်သင်ကြားပြသခိုင်းပါ။
- ကလေး မည်မျှမှတ်မိသည်ကို သိရှိနိုင်ရန် အဆိုပါ အကြောင်းအရာသို့ အခြားနေ့တစ်နေ့တွင် ပြန်မေးကြည့်ပါ။

> မိနစ်တိုင်းတွင် စာမမေးပါနှင့်။
> သင်ယူခြင်းတွင် မေးခွန်းများမေးခြင်းနှင့် အမှတ်ပေးခြင်းများအပြင် စူးစမ်းလေ့လာမှုနှင့် ပျော်ရွှင်မှုတို့ ပါဝင်ရပါမည်။ အချိန်နှင့်အမျှ တိုးတက်လာမှုကို သတိပြုစောင့်ကြည့်ပါ။

### ရိုးရှင်းသော သင်ယူမှု မှတ်တမ်း

ဤမှတ်တမ်းတိုလေးကို တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် အသုံးပြုပါ။ ဤသည်မှာ ကလေးများ၏ တိုးတက်မှုကို သတိပြုမိစေရန် ဖြစ်ပြီး အဆင့်ပေးရန် မဟုတ်ပါ။

| ရက်စွဲ / အကြောင်းအရာ | လုပ်ခဲ့သည့်အရာ | ကလေးလုပ်နိုင်သည့်အရာ | နောက်လေ့ကျင့်ရမည့်အရာ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

## ၈. သင် ပြင်ဆင်အသုံးပြုနိုင်သော အပတ်စဉ် အစီအစဉ်

| နေ့ရက် | လုပ်ဆောင်ချက်အသေးစား | ပြီး/မပြီး |
|---|---|---|
| **တနင်္လာ** | saya.school သင်ခန်းစာတစ်ခုကို လေ့လာပါ | ☐ |
| **အင်္ဂါ** | လက်တွေ့ပစ္စည်းများကို အသုံးပြု၍ လေ့ကျင့်ပါ | ☐ |
| **ဗုဒ္ဓဟူး** | ပုံပြင်တစ်ပုဒ်ကို ဖတ်ပါ၊ နားထောင်ပါ သို့မဟုတ် ပြောပြပါ | ☐ |
| **ကြာသပတေး** | ကျွမ်းကျင်မှုတစ်ခုကို ပြန်လည်လေ့ကျင့်ပါ သို့မဟုတ် ပညာလေ့လာသည့် ဂိမ်းတစ်ခု ဆော့ပါ | ☐ |
| **သောကြာ** | သင်ယူခဲ့ရသည့် အရာများကို ပြန်လည်ရှင်းပြခိုင်းပါ | ☐ |
| **စနေ၊ တနင်္ဂနွေ** | ပျော်စရာကောင်းသော အကြောင်းအရာတစ်ခုကို အတူတကွ ရွေးချယ်ပါ သို့မဟုတ် အနားယူပါ | ☐ |

## မမေ့ပါနှင့်- သင်တို့ အတူတကွ သင်ယူနိုင်ကြပါသည်




သင်သည် ကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်နေရန် မလိုပါ။ ကလေးအား အချိန်အနည်းငယ် ပေးခြင်း၊ စဉ်းစားစရာ မေးခွန်းများ မေးပေးခြင်း၊ သူတို့၏ အတွေးအခေါ်များကို နားထောင်ပေးခြင်းနှင့် နောက်တစ်ကြိမ် ထပ်မံကြိုးစားရန် အားပေးခြင်းတို့ဖြင့် သင်ယူမှုကို ကူညီပေးနိုင်ပါသည်။

မှတ်ထားရမည့်အချက် (3) ချက်

1. သင်ယူမှုကို အချိန်တိုတို၊ ပုံမှန်နှင့် စိတ်အေးချမ်းမှုရှိစွာ လုပ်ဆောင်ပါ။
2. မေးခွန်းများ မေးပေးပြီး ကလေးအား ကိုယ်တိုင် တွေးခေါ်ခွင့်ပြုပါ။
3.. ကြိုးစားအားထုတ်မှု၊ စပ်စုလိုစိတ်နှင့် တိုးတက်မှုများကို ချီးကျူးပေးပါ။

### saya.school ကို အသုံးပြုခြင်း

ကလေး စိတ်ပါဝင်စားသည့် သင်ခန်းစာတစ်ခုကို ရွေးချယ်ပါ။ အတူတကွ စူးစမ်းလေ့လာပါ၊ ရုပ်ပုံများ သို့မဟုတ် အတွေးအခေါ်များကို ဆွေးနွေးရန် ခေတ္တရပ်နားပါ၊ ထို့နောက် ကလေးအား မေးခွန်း သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုကို စမ်းလုပ်ခိုင်းပါ။ အင်တာနက် မရှိသည့် အချိန်များတွင် အသုံးပြုနိုင်ရန် ဖြစ်နိုင်ပါက သင်ခန်းစာ သင်ထောက်ကူပစ္စည်းများကို ကြိုတင် ဒေါင်းလုဒ်ဆွဲထားပါ။

ဤလမ်းညွှန်သည် saya.school ၏ မိသားစုအတူတကွ သင်ယူမှု အရင်းအမြစ်များအနက် တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကလေးများကို ကူညီအားပေးနေသော မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဆရာများကို ကူညီပံ့ပိုးရန် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ပါသည်။ အတွေးအခေါ်များကို သင့်ကလေး၏ အသက်အရွယ်၊ ဘာသာစကား၊ စွမ်းဆောင်ရည်နှင့် အခြေအနေများနှင့် လိုက်လျောညီထွေ ပြုပြင်၍ အသုံးပြုပါ။

**Saya School** ကို ပညာရေးပရဟိတအဖွဲ့အစည်း တစ်ခုဖြစ်သည့် **TeacherSimon.org** မှ ပံ့ပိုးပေးထားပါသည်။